# ဂျပန်နိုင်ငံတွင် စွမ်းအင်ဖူလုံစေရေးအတွက် လောင်စာရှာဖွေမှု၊ စုဆောင်းမှု၊ သိုလှောင်မှု အခြေအနေ

စွမ်းအင်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍအားလုံးနှင့် ချိတ်ဆက်လျက်ရှိပြီး စွမ်းအင်မရှိပါက ကွန်ပျူတာဆက်သွယ်ရေးကွန်ယက်၊ ကူးသန်းသွားလာရေး၊ ဘဏ်စနစ်၊ ကုန်ထုတ်လုပ်မှု၊ ကျန်းမာရေးဆိုင်ရာ စက်ကိရိယာပစ္စည်းများ စသည့် အရေးပါသည့်လုပ်ငန်းစဉ်များ၏ လည်ပတ်ဆောင်ရွက်နိုင်မှုကို ရပ်တန့်စေနိုင်မည်ဖြစ်သည့်အတွက် လုံလောက်သောလျှပ်စစ်ဓါတ်အားနှင့် စွမ်းအင်ဖြည့်ဆည်းပေးနိုင်ခြင်းဖြင့် စွမ်းအင်ဖူလုံမှုရှိစေရေး ဆောင်ရွက်ခြင်းသည် နိုင်ငံတိုင်းအတွက် အလွန်အရေးပါသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။

စွမ်းအင်အုပ်စုကို အဓိကအားဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable energy) နှင့် ပြန်လည်ပြည့်ဖြိုးမြဲမဟုတ်သည့် စွမ်းအင် (Non-renewable energy) ဟူ၍ (၂)မျိုး ခွဲခြားနိုင်မည်ဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွင် ရေအား၊ နေရောင်ခြည်နှင့် လေအားတို့ကဲ့သို့သော စွမ်းအင်များ ပါဝင်ပြီး ပြန်လည်ပြည့်ဖြိုးမြဲမဟုတ်သည့်စွမ်းအင်တွင် စက်ဆီ၊ ချောဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့နှင့်ချူကလီးယားတို့ ပါဝင်ပါသည်။

ကမ္ဘာ့နိုင်ငံများအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အပြိုင်အဆိုင်ဖော်ဆောင်နိုင်ရေး ကြိုးပမ်းရာတွင် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးသည် အရေးပါသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အတွက် အစိုးရများအနေဖြင့် လုံလောက်သောလျှပ်စစ်ဓါတ်အားရရှိရေးနှင့် စွမ်းအင်ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုနှင့် ကမ္ဘာ့နိုင်ငံများအကြား ပဋိပက္ခဖြစ်ပွားမှုများကြောင့် ကမ္ဘာ့စွမ်းအင်ထုတ်လုပ်မှုနှင့် ပို့ပိုးမှုလုပ်ငန်းစဉ်များ ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကာ ကမ္ဘာ့နိုင်ငံများ၏ စွမ်းအင်ဖူလုံမှုနှင့်လုံခြုံမှုအတွက် စိန်ခေါ်မှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

စွမ်းအင်လုံခြုံမှုဟုဆိုရာ၌ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှု (Physical Security) (လျှပ်စစ်မီးအချိန်မရွေး ပြတ်တောက်မှု မရှိစေခြင်း)၊ ဈေးနှုန်းလုံခြုံမှု (Price Security) (လျှပ်စစ်မီးတာခများကို လူတိုင်းတတ်နိုင်သည့်နှုန်းထားဖြင့် ပေးဆောင်နိုင်စေခြင်း) နှင့် ပထဝီနိုင်ငံရေးဆိုင်ရာလုံခြုံမှု (Geopolitical Security) ဟူ၍ (၃)မျိုး ခွဲခြားနိုင်မည် ဖြစ်ပါသည်။

## ဂျပန်နိုင်ငံ၏ စွမ်းအင်သုံးစွဲမှုနှင့် စွမ်းအင်ဖူလုံမှုအခြေအနေ

ဂျပန်နိုင်ငံသည် ၂၀၂၄ ခုနှစ်၌ ကမ္ဘာတွင် အမေရိကန် (၂၆.၆%)၊ တရုတ်(၁၄.၂%)၊ အိန္ဒိယ (၇.၃%) နှင့် ရုရှား (၃.၉%) ပြီးပါက ကမ္ဘာ့စုစုပေါင်း ဝယ်ယူသုံးစွဲမှုပမာဏ၏ ၃.၃ ရာခိုင်နှုန်းဖြင့် လောင်စာဆီ ပဥ္စမအများဆုံး သုံးစွဲသည့်နိုင်ငံ ဖြစ်ပါသည်။ World LNG Report 2025 အရ ဂျပန်နိုင်ငံသည် ၂၀၂၄ ခုနှစ်၌ ကမ္ဘာတွင် တရုတ်နိုင်ငံပြီးပါက သဘာဝဓာတ်ငွေ့ရည် (LNG) ဒုတိယအများဆုံးတင်သွင်းသည့်နိုင်ငံဖြစ်ပြီး ကမ္ဘာ့စုစုပေါင်းတင်သွင်းမှု၏ ၁၇ ရာခိုင်နှုန်းဖြစ်

သည့် တန်ချိန် ၆၇.၇ သန်း တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။ ဂျပန်နိုင်ငံသည် ၂၀၂၄ ခုနှစ်၌ ကမ္ဘာတွင် ရေနံစိမ်းပဋ္ဌမအများဆုံး တင်သွင်းသည့်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံ (၂၄.၆%)၊ အမေရိကန်နိုင်ငံ (၁၃.၂%)၊ အိန္ဒိယနိုင်ငံ (၁၀.၈%)၊ ကိုရီးယားသမ္မတနိုင်ငံ (၆.၅%) ပြီးပါက ကမ္ဘာ့စုစုပေါင်း ရေနံစိမ်းတင်သွင်းမှု၏ ၅.၄ ရာခိုင်နှုန်း တင်သွင်းခဲ့ပြီး တစ်ရက်လျှင် ပျမ်းမျှအားဖြင့် ရေနံစည် ၂.၅ သန်းတင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။

ဂျပန်နိုင်ငံတွင် စွမ်းအင်အရင်းအမြစ် အနည်းငယ်သာရှိပြီး ၂၀၂၄ ခုနှစ်တွင် နိုင်ငံ၏ စွမ်းအင်သုံးစွဲမှုပမာဏ၏ ၉၉.၆ ရာခိုင်နှုန်းကို တင်သွင်း၍ သုံးစွဲခဲ့ရသည်ကို တွေ့ရှိရပါသည်။ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဂျပန်နိုင်ငံ၏ ကိုယ်ပိုင်စွမ်းအင်ဖူလုံမှုအချိုး (Energy Self-Sufficiency Ratio) မှာ ၁၅.၂ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၁၁ ခုနှစ်၊ မတ်လတွင် ဂျပန်နိုင်ငံ၌ Great East Japan Earthquake ဖြစ်ပွားပြီးနောက် ဂျပန်နိုင်ငံတွင် နျူကလီယားစွမ်းအင် အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ ကျဆင်းခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ၁၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် လုံးဝရရှိခြင်း မရှိတော့သည့်အတွက် နိုင်ငံ့စွမ်းအင်ဖူလုံစေရေးအတွက် စိန်ခေါ်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။

ဂျပန်နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် အသုံးပြုသည့် စွမ်းအင်အမျိုးအစားများ (Power Generation Mix) တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ၂၂.၉% ၊ နျူကလီးယားစွမ်းအင် ၈.၅% နှင့်ရုပ်ကြွင်းလောင်စာ (သဘာဝဓာတ်ငွေ့ရည်၊ ကျောက်မီးသွေး၊ လောင်စာဆီ) ၆၈.၆% ပါဝင်ကြောင်း တွေ့ရှိရပါသည်။ ၂၀၄၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၌ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီပေါင်း ၀.၉ ထရီလီယံမှ ၁.၁ ထရီလီယံအထိ လိုအပ်လာမည် ဖြစ်ကြောင်းလည်း ခန့်မှန်းထားကြပါသည်။

## ဂျပန်နိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုအခြေအနေ

ဂျပန်နိုင်ငံတွင် စွမ်းအင်ထုတ်လုပ်မှုနှင့်ဖြန့်ဖြူးမှုများ ဆောင်ရွက်ရာတွင် အဓိကအားဖြင့် ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်လျက်ရှိပြီး အစိုးရ၏ နိုင်ငံပိုင် Japan Oil, Gas and Metals National Corporation မှ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်သူများသို့ ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုများနှင့် အသိပညာဆိုင်ရာ ဖြန့်ဝေမှုများ ဆောင်ရွက်ပေးလျက် ရှိပါသည်။ နိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်မှုများကို ပုဂ္ဂလိကလုပ်ငန်းများဖြစ်ကြသည့် Japex နှင့် Inpex ကုမ္ပဏီများက အဓိကဆောင်ရွက်လျက်ရှိကြပြီး၊ ရေနံချက်လုပ်ငန်းများကို ပုဂ္ဂလိကကုမ္ပဏီများဖြစ်သည့် JX Nippon Oil & Energy ၊ TonenGeneral နှင့် Idemitsu တို့က အဓိကဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ဂျပန်နိုင်ငံ၌ လျှပ်စစ်ဓာတ်အားကို ၂၀၁၆ ခုနှစ်မှ စတင်၍လည်းကောင်း၊ ဓာတ်ငွေ့ကို ၂၀၁၇ ခုနှစ်မှစတင်၍လည်းကောင်း ပုဂ္ဂလိကမှ ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ မတ်လအထိ Electricity Business Act အရ တရားဝင်မှတ်ပုံတင်ထားသည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး

ခွင့်ရှိသော ကုမ္ပဏီ ၇၆၁ ခုရှိပါသည်။ ဓာတ်ငွေ့လက်လီရောင်းချလျက်ရှိသော ကုမ္ပဏီ ၁၉၀ ခု ရှိပါသည်။ ဂျပန်နိုင်ငံတွင် လျှပ်စစ်ဓာတ်အားနှင့် ဓာတ်ငွေ့ဖြန့်ဖြူးရောင်းချရာတွင် နိုင်ငံတစ်ဝန်း လက်လီရောင်းချသည့် ကုမ္ပဏီစုစုပေါင်း ၉၅၁ ခုရှိပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာတွင် ပုဂ္ဂလိက Electric Power Company ၁၀ ခုနှင့် ဓာတ်ငွေ့ဖြန့်ဖြူး ရောင်းချရာ၌ ပုဂ္ဂလိက Gas Company ၄ ခုမှ လုပ်ငန်းများ အဓိကလည်ပတ်ဆောင်ရွက်လျက် ရှိသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | ကုမ္ပဏီအမည် |
|---|---|
| ၁။ | Hokkaidō Electric Power Company |
| ၂။ | Tōhoku Electric Power Company |
| ၃။ | Tokyo Electric Power Company |
| ၄။ | Chūbu Electric Power Company |
| ၅။ | Hokuriku Electric Power Company |
| ၆။ | Kansai Electric Power Company |
| ၇။ | Chūgoku Electric Power Company |
| ၈။ | Shikoku Electric Power Company |
| ၉။ | Kyūshū Electric Power Company |
| ၁၀။ | Okinawa Electric Power Company |
| ၁၁။ | Tokyo Gas |
| ၁၂။ | Tōhō Gas |
| ၁၃။ | Osaka Gas |
| ၁၄။ | Seibu Gas |

**ဂျပန်နိုင်ငံ၏ စွမ်းအင်ဆိုင်ရာ မူဝါဒများနှင့် ရည်မှန်းချက်များ**

ဂျပန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့မှုရှိစေရေးနှင့် အရေးပေါ် အခြေအနေတွင် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်း မြင့်မားစေရေးအတွက် ဂျပန်နိုင်ငံ၏ စွမ်းအင်လုံခြုံရေးအား အမျိုးသားလုံခြုံရေးအတွက် အရေးပါသည့် အရင်းအမြစ်တစ်ခုအဖြစ် သတ်မှတ်ကာ စွမ်းအင်ဖူလုံမှုရှိစေရေးအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

ဂျပန်အစိုးရအဖွဲ့အနေဖြင့် The 7$^{th}$ Strategic Energy Plan ကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ ဂျပန်အစိုးရ၏ Basic Act on Energy Policy အရ Strategic Energy Plan ကို ၂၀၀၃ ခုနှစ်မှ စတင်၍ ရေးဆွဲခဲ့ပြီး၊ ၃ နှစ်တစ်ကြိမ် သုံးသပ်ပြင်ဆင်ထုတ်ပြန်လျက် ရှိပါသည်။ ဂျပန်အစိုးရ၏ Basic Energy Policy အဖြစ် S+3E (Safety= Energy Security + Economic Efficiency + Environment)ကို ဖော်ဆောင်သွားမည် ဖြစ်ပြီး၊ ၂၀၁၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၄၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု ပမာဏကို ၇၃

ရာခိုင်နှုန်း လျှော့ချနိုင်ရေးနှင့် ၂၀၅၀ ပြည့်နှစ်တွင် သုညရာခိုင်နှုန်းသို့ ရောက်ရှိစေရေး ရည်မှန်း ဆောင်ရွက်လျက် ရှိပါသည်။

ဂျပန်အစိုးရအနေဖြင့် ဂျပန်နိုင်ငံ၏ ကိုယ်ပိုင်စွမ်းအင်ဖူလုံမှုအချိုး (Self-Sufficiency Ratio) ကို ၂၀၃၀ ပြည့်နှစ်တွင် ၃၀ ရာခိုင်နှုန်းသို့ ရောက်ရှိစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိပြီး၊ Economic Efficiency ဖြစ်စေရေးအတွက် လျှပ်စစ်ဓာတ်အားခနှုန်းထားများကို ၂၀၃၀ ပြည့်နှစ်တွင် ၈.၆ ထရီလီယံယန်းမှ ၈.၈ ထရီလီယံ ယန်းအကြား ရရှိစေရေးနှင့် သဘာဝ ပတ်ဝန်းကျင် (Environment) ထိန်းသိမ်းနိုင်ရေးအတွက် ၂၀၁၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၃၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုပမာဏကို ၄၆ ရာခိုင်နှုန်းလျှော့ချနိုင်ရေးနှင့် ၂၀၅၀ ပြည့်နှစ်တွင် သုညရာခိုင်နှုန်းသို့ ရောက်ရှိစေရေး ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။

ဂျပန်နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ပါဝင်သည့် စွမ်းအင်အရင်းအမြစ်အမျိုးအစားများ (Power Generation Mix) တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ပါဝင်မှုအချိုးကို ၂၀၃၀ ပြည့်နှစ်တွင် ၃၆% မှ ၃၈% အကြား မြှင့်တင်ကာ သဘာဝဓာတ်ငွေ့ ပါဝင်မှုအချိုးကို ၂၀% သို့လည်းကောင်း၊ ကျောက်မီးသွေးအသုံးပြုမှုကို ၁၉% သို့လည်းကောင်း၊ လောင်စာဆီအသုံးပြုမှုကို ၂% သို့လည်းကောင်းနှင့် နျူကလီးယားစွမ်းအင်အသုံးပြုမှုကို ၂၀% မှ ၂၂% သို့လည်းကောင်း အသုံးပြုနိုင်ရေး ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။ ၂၀၄၀ ပြည့်နှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ၄၀% မှ ၅၀% အကြား၊ နျူကလီးယားစွမ်းအင်ကို ၂၀% နှင့် ရုပ်ကြွင်းလောင်စာအသုံးပြုမှုကို ၃၀% မှ ၄၀% အကြား သုံးစွဲနိုင်ရေး ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။ ဂျပန်အစိုးရအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို နိုင်ငံ၏ အဓိကစွမ်းအင် အရင်းအမြစ်အဖြစ် သတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ပါဝင်သည့် စွမ်းအင်အရင်းအမြစ် အမျိုးအစားများ (Power Generation Mix) တွင် လောင်စာဆီဖြစ်စေ၊ အခြားစွမ်းအင်အရင်းအမြစ်တစ်ခုခုကို ဖြစ်စေ အလွန်အကျွံ မှီခိုမှုမရှိဘဲ မျှတစွာသုံးစွဲနိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

ဂျပန်အစိုးရအနေဖြင့် ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ကင်းစင်သည့် နိုင်ငံဖြစ်စေရေးအတွက် ရုပ်ကြွင်းလောင်စာမဟုတ်သည့် လောင်စာများ အသုံးပြုမှုကို မြှင့်တင်နိုင်ရေးအတွက် The Act on Rationalizing Energy Use (Energy Efficiency Act) ကို ၂၀၂၃ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အသက်ဝင်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အက်ဥပဒေအရ ဂျပန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအနေဖြင့် လုပ်ငန်းတွင် အသုံးပြုသည့် စွမ်းအင်အမျိုးအစားကို ထုတ်ဖော်တင်ပြရန် လိုအပ်ပြီး စွမ်းအင်ချွေတာနိုင်သည့် စက်ပစ္စည်းများ အသုံးပြုခြင်းနှင့် ဆိုလာကဲ့သို့သော ရုပ်ကြွင်းလောင်စာမဟုတ်သည့် (Non-Fossil) စွမ်းအင်မှ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနိုင်မည့် နည်းလမ်းများကို ပြောင်းလဲသုံးစွဲသွားရမည် ဖြစ်ပါသည်။

ဂျပန်အစိုးရအနေဖြင့် နိုင်ငံအတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုကို မြှင့်တင်အားပေးနိုင်ရန်အတွက် Basic Hydrogen Strategy ကို ချမှတ်ကာ ယာဉ်များနှင့် ဘတ်စ်ကားများတွင် ဟိုက်ဒရိုဂျင်ကို ကျယ်ပြန့်စွာ အသုံးပြုစေရေး တိုက်တွန်းဆောင်ရွက်လျက် ရှိပါသည်။ ထို့အတူ နိုင်ငံအတွင်း ဟိုက်ဒရိုဂျင်ထုတ်လုပ်မှုကို ၆ ဆတိုးမြှင့်ကာ ၂၀၄၀ ပြည့်နှစ်တွင် တန်ချိန် ၁၂ သန်းအထိ တိုးမြှင့်ထုတ်လုပ်သွားရန်အတွက် အစိုးရအနေဖြင့် Resource Policy ကို ပြင်ဆင်ထားပြီး ဖြစ်ပါသည်။ အဆိုပါ ရည်မှန်းချက်ပြည့်မီစေရေးအတွက် လာမည့် ၁၅ နှစ်အတွင်း အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၁၃ ဘီလီယံ (ဂျပန်ယန်း ၁၅ ထရီလီယံ) ရရှိရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။

ဂျပန်အစိုးရအနေဖြင့် ဩစတြေးလျ၊ အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများနှင့် အခြားသော အာရှနိုင်ငံများနှင့် ပူးပေါင်းကာ ဟိုက်ဒရိုဂျင် ပိုမိုထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် နေရောင်ခြည်ကို တိုက်ရိုက် အသုံးပြုခြင်းဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် အဆင့်မြင့်နည်းပညာများ တီထွင်နိုင်ရန်လည်း ဆောင်ရွက်လျက် ရှိပါသည်။

ဂျပန်အစိုးရအနေဖြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရာတွင် စွမ်းအင်ထိရောက်စွာ အသုံးပြုမှုမြှင့်တင်နိုင်ရေးအတွက် Photoelectric Fusion ကဲ့သို့သော အဆင့်မြင့်နည်းပညာများကို အသုံးပြုသွားရန် ဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် အိမ်ထောင်စုများတွင် စွမ်းအင်ထိရောက်စွာ အသုံးပြုမှုမြှင့်တင်နိုင်ရေးအတွက် စည်းမျဉ်းများ သတ်မှတ်ခြင်းနှင့် အစိုးရမှ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်သွားရန် စီစဉ်လျက် ရှိပါသည်။

**စွမ်းအင်လုံခြုံမှုရှိစေရေးအတွက် ဂျပန်အစိုးရမှ ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ**

ဂျပန်နိုင်ငံအနေဖြင့် စွမ်းအင်လုံခြုံမှုရှိစေရေးအတွက် အရင်းအမြစ် ကြွယ်ဝသည့်နိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ခြင်း၊ စွမ်းအင်ရရှိနိုင်မည့် အရင်းအမြစ်သစ်များ ရှာဖွေခြင်း၊ စွမ်းအင်ပံ့ပိုးဖြည့်ဆည်းမှုများ ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများ၊ အန္တရာယ်များအား ကြိုတင်လေ့လာသုံးသပ်မှု ပိုမိုအားကောင်းစေခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။ ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံတွင်း စွမ်းအင်ဖူလုံစေမည့် စွမ်းအင်အရင်းအမြစ်များဖြစ်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် နျူကလီးယားစွမ်းအင်ကို ပိုမိုသုံးစွဲနိုင်ရေး မူဝါဒများ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ အဆင့်မြင့်နည်းပညာများ ဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။ ဂျပန်နိုင်ငံအနေဖြင့် ကိုယ်ပိုင်စွမ်းအင်ဖူလုံမှုအချိုးကို မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အရေးပေါ်အခြေအနေတွင် ဆက်လက်ရပ်တည်နိုင်ရေးနှင့် စွမ်းအင်ပံ့ပိုးပေးနိုင်မှု ဆက်လက်ခိုင်မာအားကောင်းစေရေးအတွက် ဆောင်ရွက်လျက် ရှိပါသည်။

ဂျပန်နိုင်ငံအနေဖြင့် စွမ်းအင်ဖူလုံရေးနှင့်လျှပ်စစ်ဓာတ်အား အများအပြားသုံးစွဲသည့် လုပ်ငန်းများ၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို ပြောင်းလဲနိုင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက် စေခြင်း၊ နိုင်ငံ့လုံခြုံရေးအတွက် အရေးပါသည့် စွမ်းအင်များ စဉ်ဆက်မပြတ် ရရှိနိုင်ရေးအတွက် ပံ့ပိုးဖြည့်ဆည်းမှုကွင်းဆက်ကို ခိုင်မာအားကောင်းစေရေး တည်ဆောက်ခြင်းတို့ကို ဆောင်ရွက် လျက် ရှိပါသည်။

ဂျပန်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ရုပ်ကြွင်းလောင်စာ မဟုတ် သော စွမ်းအင်အရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် ပြောင်းလဲ ဆောင်ရွက်ခြင်း၊ နျူကလီးယားဓာတ်အားပေးစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး အတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊ အဆင့်မြင့် နျူကလီးယားဓာတ်ပေါင်းဖို များ တည်ဆောက်နိုင်ရေး ဆောင်ရွက်ခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ရုပ်ကြွင်း လောင်စာကို ဆက်လက်သုံးစွဲသွားမည် ဖြစ်သော်လည်း ကျောက်မီးသွေးသုံး ဓာတ်အားပေး စက်ရုံများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို လျှော့ချနိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

ဂျပန်နိုင်ငံတွင် စဉ်ဆက်မပြတ်စွမ်းအင် ရရှိစေရေးအတွက် ကာဗွန်ကင်းစင်သော လျှပ်စစ် ဓာတ်အား ထုတ်လုပ်မှုများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် ဈေးကွက်အခြေအနေ၊ ဘဏ္ဍာရေး ဝန်းကျင် အခြေအနေနှင့် စီးပွားရေးဝန်းကျင်အခြေအနေ ကောင်းမွန်စေရေး ဆောင် ရွက်ပေးရန်၊ လျှပ်စစ်ဓာတ်အား အများအပြား လိုအပ်သည့် စက်ရုံများကို ဓာတ်အားရရှိနိုင်မည့် နေရာများတွင် သတ်မှတ်ချထားပေးနိုင်ရေးနှင့် စွမ်းအင်အရင်းအမြစ်များကို ထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် လျှစ်စစ်ဓာတ်အား ချိတ်ဆက်မှုစနစ် အားကောင်းစေရေး ဆောင်ရွက်သွားရန်၊ အရည်အသွေးနှင့် ဈေးနှုန်းအရ တည်ငြိမ်မှုရှိသည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုစနစ်နှင့် စီမံအုပ်ချုပ်မှုစနစ် အား ကောင်းစေရေး ဆောင်ရွက်သွားရန် ဆောင်ရွက်လျက် ရှိပါသည်။ လက်ရှိတွင် ကမ္ဘာ့ပထဝီ နိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများကြောင့် စွမ်းအင်လုံခြုံမှုရှိစေရေးမှာ ပိုမိုအရေးပါလာလျက်ရှိရာ ဂျပန်အစိုးရအနေဖြင့် နိုင်ငံ့စွမ်းအင်လုံခြုံမှုရှိစေရေးအတွက် ဘက်စုံ အရင်းအမြစ်ဆိုင်ရာ သံခင်း တမန်ခင်း ဆက်ဆံရေးမြှင့်တင်ခြင်းအပါအဝင် ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင် နိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

**စွမ်းအင်ဖူလုံစေရေးအတွက် ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့ပေးမှု (Fuel Subsidies) အစီ အစဉ်များ**

ဂျပန်အစိုးရအနေဖြင့် စီးပွားရေးပြန်လည်အားကောင်းလာစေရန်နှင့် နိုင်ငံအတွင်း ကုန် ဈေးနှုန်းများ မြင့်တက်နေမှုကို လျှော့ချနိုင်ရေးအတွက် Stimulus Package ကို ဖော်ဆောင်ခဲ့ပါ သည်။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ဂျပန်အစိုးရအဖွဲ့မှ အတည်ပြုခဲ့သည့် အဆိုပါ အစီအစဉ်တွင် လျှပ်စစ်ဓာတ်အားခနှင့်ဓာတ်ငွေ့နှုန်းထားများအပေါ် ထောက်ပံ့ပေးရန်အတွက်

ယန်း ၁၃.၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၈၉.၆၆ ဘီလီယံ) ကျော် သုံးစွဲသွားမည် ဖြစ်ကြောင်း ဂျပန်အစိုးရက ထုတ်ပြန်ခဲ့ပါသည်။

ဂျပန်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအပေါ် ထိခိုက်မှုများအား လျှော့ပါးသက်သာစေရေးအတွက် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ စတင်၍ ဓာတ်ဆီ၊ ရေနံဆီ၊ လောင်စာဆီ၊ သဘာဝဓာတ်ငွေ့ရည်စသည့် လောင်စာဆီတင်သွင်းသူများအား အထောက်အပံ့ပေးသည့် အစီအစဉ်များကို စတင်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ အစီအစဉ်သည် ၂၀၂၂ ခုနှစ်၊ မတ်လအထိသာ ဆောင်ရွက်ရန် အစိုးရအနေဖြင့် ကနဦးလျာထားခဲ့သော်လည်း ရုရှား-ယူကရိန်းပဋိပက္ခစတင်ဖြစ်ပွားပြီးနောက် လောင်စာဆီဈေးနှုန်းများ မြင့်တက်ခဲ့သည့်အတွက် ဂျပန်အစိုးရအနေဖြင့် လောင်စာဆီ ဈေးနှုန်းများအပေါ် အထောက်အပံ့ပေးမှု အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ဂျပန်အစိုးရသည် ကနဦးအနေဖြင့် လောင်စာဆီ တစ်လီတာလျှင် ၃.၄ ယန်း ထောက်ပံ့ခဲ့ပြီးနောက် အပတ်စဉ် လောင်စာဈေးနှုန်း အခြေအနေကို စောင့်ကြည့်သုံးသပ်ကာ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ မတ်လ ၉ ရက်နေ့အထိ တစ်လီတာလျှင် ၅ ယန်းနှုန်းသို့ တိုးမြှင့်ထောက်ပံ့ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့မှ ၁၆ ရက်နေ့အထိ တစ်လီတာလျှင် ၁၇.၇ ယန်းသို့ ထပ်မံတိုးမြှင့် ထောက်ပံ့ခဲ့ပါသည်။ ထို့နောက် ၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှစ၍ တစ်လီတာလျှင် ၂၅ ယန်းနှုန်း ထောက်ပံ့ခဲ့ပြီး ဧပြီလမှစ၍ တစ်လီတာလျှင် ၃၅ ယန်းနှုန်း ထောက်ပံ့ခဲ့ပါသည်။

ဂျပန်အစိုးရအနေဖြင့် ဈေးကွက်အတွင်းရှိ လောင်စာဆီဈေးနှုန်းများအပေါ် မူတည်၍ မူဝါဒများ အချိန်နှင့်တပြေးညီ ချမှတ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပြီး ဈေးနှုန်းတည်ငြိမ်လာသည်နှင့်အမျှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ မေလအထိ တစ်လလျှင် ၂ ယန်းနှုန်းဖြင့် တစ်လီတာလျှင် ၃၅ ယန်းမှ ၂၅ ယန်းသို့ အထောက်အပံ့ပေးမှုပမာဏကို ပြန်လည်လျှော့ချခဲ့ပါသည်။ ဂျပန်အစိုးရက သတ်မှတ်ထားသည့် Ceiling Price မှာ တစ်လီတာလျှင် ၁၆၈ ယန်းဖြစ်ပြီး အဆိုပါ သတ်မှတ်နှုန်းထားကျော်လွန်ပါက တစ်လီတာလျှင် ၂၅ ယန်း ထောက်ပံ့ကြေး ပံ့ပိုးပေးခဲ့ပါသည်။ ထို့နောက် ထောက်ပံ့ကြေးတစ်လီတာလျှင် ၂၅ ယန်း၏ ၁၀ ပုံ ၁ ပုံအား ၂၀၂၃ ခုနှစ်၊ ဇွန်လမှစ၍ နှစ်ပတ်လျှင် တစ်ကြိမ်နှုန်းဖြင့် လျှော့ချကာ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ ထောက်ပံ့ပေးခဲ့ကာ ၁ လီတာလျှင် ၅ ယန်းအထိ ပံ့ပိုးပေးခဲ့ပါသည်။ ထို့နောက် ၂၇-၁၁-၂၀၂၅ ရက်နေ့မှ စတင်၍ ဂျပန်အစိုးရအနေဖြင့် လောင်စာဆီသန့်စင်ထုတ်လုပ်သူများကို တစ်လီတာလျှင် ၂၀ ယန်းသို့ တိုးမြှင့်ပံ့ပိုးပေးခဲ့ပါသည်။

ဂျပန်အစိုးရအနေဖြင့် အိမ်ထောင်စုများတွင် ဝန်ထုပ်ဝန်ပိုးများ လျှော့ချနိုင်စေရန် ရည်ရွယ်၍ လျှပ်စစ်ဓာတ်အားခ ကောက်ခံသည့် ကုမ္ပဏီ ၁၀ ခုနှင့် ဓာတ်ငွေ့ကုမ္ပဏီ ၄ ခု တို့အား ဘဏ္ဍာငွေပံ့ပိုးပေးခြင်းဖြင့် ပြည်သူများအပေါ် လစဉ်ကောက်ခံသည့် လျှပ်စစ်ဓာတ်အားခ နှုန်းထားများကို ၂၀ ရာခိုင်နှုန်း လျှော့ချနိုင်ရေးနှင့် ဓာတ်ငွေ့နှုန်းထားများကို ၁၀ ရာခိုင်နှုန်း

လျှော့ချပေးနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။ အစိုးရအနေဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ကြေညာချက်ထုတ်ပြန်ကာ လျှပ်စစ်ဓာတ်အားခနှုန်းထားများကို ၁ ကီလိုဝပ်နာရီလျှင် ၇ ယန်းနှုန်း၊ စီးပွားရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားခ နှုန်းထားများကို ၁ ကီလိုဝပ်နာရီလျှင် ၃.၅ ယန်းနှုန်းနှင့် ဓာတ်ငွေ့အသုံးပြုခများကို ၁ ကုဗမီတာလျှင် ၃၀ ယန်းပံ့ပိုးပေးခြင်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လအထိ ဆောင်ရွက်ပေးခဲ့ပါသည်။ ဂျပန်အစိုးရအနေဖြင့် လောင်စာဆီနှင့်ဓာတ်ငွေ့အသုံးပြုခများအပေါ် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် ယန်း ၃,၀၀၀ ကျော် ပံ့ပိုးပေးခဲ့ပြီး၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ၃ လတာကာလတွင် စုစုပေါင်း ယန်း ၆,၀၀၀ ခန့်(အမေရိကန်ဒေါ်လာ ၃၉ ဒေါ်လာနီးပါး) ပံ့ပိုးနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

**ဂျပန်နိုင်ငံ၏ စွမ်းအင်ဆိုင်ရာ စီမံကိန်းကြီးများ**

ဂျပန်အစိုးရအနေဖြင့် ဖူကူရှီးမားဓာတ်ပေါင်းဖိုများ အရည်ပျော်ပြီးနောက် ရပ်ဆိုင်းခဲ့သော ဂျပန်နိုင်ငံ၊ နီဂါတာပြည်နယ်ရှိ ကမ္ဘာ့အကြီးဆုံး နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ Kashiwazaki-Kariwa Nuclear Power Plant ကို Tokyo Electric Power Company (TEPCO)မှ ၂၀၂၆ ခုနှစ်၊ဇန်နဝါရီလတွင် ပြန်လည်စတင်ခဲ့ပါသည်။ အဆိုပါ ဓာတ်အားပေးစက်ရုံ အပြည့်အဝ လည်ပတ်နိုင်ပါက လျှပ်စစ်ဓာတ်အား ၇၉၆၅ မဂ္ဂါဝပ် ထုတ်လုပ်ရရှိနိုင်မည် ဖြစ်ပါသည်။

ကမ္ဘာ့အကြီးဆုံး ဆိုလာစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် တစ်ခု အပါအဝင်ဖြစ်သည့် Ukujima Mega Solar Plant ကို ဂျပန်နိုင်ငံ၊ နာဂါဆာကီပြည်နယ်တွင် တည်ဆောက်ခဲ့ပြီး၊ အဆိုပါ စက်ရုံမှ ၄၀၀ မဂ္ဂါဝပ်အထိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက် ရှိပါသည်။

JERA ၊ Hokkaido Electric Power Co., Inc. ("Hokkaido Electric") ၊ Tohoku Electric Power Co., Inc. ("Tohoku Electric") နှင့် Green Power Investment Corporation (GPI) တို့ ပူးပေါင်း၍ Ishikari Bay New Port Offshore Wind Farm ကို တည်ထောင်ကာ ဂျပန်နိုင်ငံတွင် အကြီးဆုံးလေအားလျှပ်စစ် စီမံကိန်းကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ စီမံကိန်းမှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၁၁၂,၀၀၀ ကို ၁-၁-၂၀၂၄ ရက်နေ့မှစတင်၍ ထုတ်လုပ်ပေးလျက် ရှိပါသည်။

ဂျပန်ကုမ္ပဏီများဖြစ်သည့် Tokyo Gas ၊ Toho Gas နှင့် Mitsubishi Corporation တို့အနေဖြင့် အမေရိကန်ကုမ္ပဏီ Sempra Infrastructure နှင့်ပူးပေါင်းကာ ကမ္ဘာ့ပထမဆုံး စီးပွားဖြစ် E-methane Supply Chain ကို အမေရိကန်နိုင်ငံ၊ Texas ပြည်နယ်တွင် တည်

ဆောက်ခြင်းဖြင့် ဂျပန်နိုင်ငံ၏ ဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ReaCH4 Project ကို ဆောင်ရွက်လျက် ရှိပါသည်။

ဂျပန်ကုမ္ပဏီများဖြစ်သည့် Tokyo Gas ၊ Toho Gas နှင့် Osaka Gas Australia တို့အနေဖြင့် ဩစတြေးလျကုမ္ပဏီ Santos နှင့်ပူးပေါင်းကာ ဩစတြေးလျနိုင်ငံ Moomba တွင် E-methane Project ကို ဖော်ဆောင်ကာ ထုတ်လုပ်ရရှိသည့် မီသိန်းဓာတ်ငွေ့များကို ၂၀၃၀ ပြည့်နှစ်အစောပိုင်းတွင် ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

ဂျပန်ကုမ္ပဏီ Osaka Gas အနေဖြင့် အမေရိကန်ကုမ္ပဏီ Tallgrass နှင့်ပူးပေါင်းကာ ဂျပန်နိုင်ငံတွင် လိုအပ်လျက် ရှိသည့် မီသိန်းဓာတ်ငွေ့ကို ပံ့ပိုးပေးနိုင်ရေးအတွက် အမေရိကန် နိုင်ငံ Midwest တွင် ကမ္ဘာ့အဆင့် စီမံကိန်းတစ်ခုဖော်ဆောင်ကာ စီမံကိန်းမှ ထွက်ရှိသည့် မီသိန်း ဓာတ်ငွေ့များကို Texas ပြည်နယ်ရှိ Freeport LNG ဆိပ်ကမ်းမှတစ်ဆင့် ဂျပန်နိုင်ငံသို့ တင်ပို့ကာ ၂၀၃၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၏ မီသိန်းဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက် လျက် ရှိပါသည်။

**ဂျပန်နိုင်ငံ၏ စွမ်းအင်တင်သွင်းမှု အခြေအနေများ**

ဂျပန်နိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်တွင် သဘာဝဓာတ်ငွေ့ရည် ၆၅.၉ သန်းမက်ထရစ်တန် တင်သွင်းခဲ့ပြီး၊ ဩစတြေးလျနိုင်ငံ (၂၅.၁ သန်းတန်)၊ မလေးရှားနိုင်ငံ (၁၀.၂ သန်းတန်)၊ အမေရိကန်နိုင်ငံ (၆.၃ သန်းတန်)နှင့် ရုရှားနိုင်ငံ (၅.၇ သန်းတန်)တို့မှ အများဆုံး တင်သွင်းခဲ့ ပါသည်။ ဂျပန်နိုင်ငံတွင် သဘာဝဓာတ်ငွေ့ရည် အဓိကဖြန့်ဖြူးရောင်းချလျက် ရှိသည့် Tokyo Gas အနေဖြင့် အမေရိကန်ကုမ္ပဏီ Venture Global ထံမှ ၂၀၃၀ ပြည့်နှစ်မှစတင်၍ ၁ နှစ်လျှင် သဘာဝဓာတ်ငွေ့ရည် တန်ချိန် ၁ သန်းကို နှစ် ၂၀ ကြာ ဝယ်ယူသွားရန်အတွက် သဘောတူ စာချုပ်ချုပ်ဆိုကာ သဘာဝဓာတ်ငွေ့ရည် စဉ်ဆက်မပြတ်တင်သွင်းနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

ဂျပန်နိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ရေနံစိမ်း ကီလိုလီတာ ၁၃၆.၂၉ သန်း တင်သွင်း ခဲ့ပြီး၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(၄၃.၆ ရာခိုင်နှုန်း)၊ ဆော်ဒီအာရေဗျနိုင်ငံ (၄၀.၁ ရာခိုင်နှုန်း)၊ ကူဝိတ်နိုင်ငံ (၆.၄ ရာခိုင်နှုန်း)နှင့် ကာတာနိုင်ငံ (၄.၁ ရာခိုင်နှုန်း) တို့မှ အဓိက တင်သွင်းခဲ့ပါသည်။ ကမ္ဘာ့ရေနံရောင်းဝယ်မှု၏ ၂၀ ရာခိုင်နှုန်းခန့်သည် အီရန်ကမ်းရိုးတန်းရှိ ဟော်မုဇ်ရေလက်ကြားမှ တစ်ဆင့် ဖြတ်သန်းသွားလာနေရသည့်အတွက် အရှေ့အလယ်ပိုင်း ဒေသတွင်း၌ ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ဂျပန်နိုင်ငံသို့ အရှေ့ အလယ်ပိုင်းဒေသမှ တင်ပို့လျက်ရှိသည့် ရေနံများ စဉ်ဆက်မပြတ်ရရှိနိုင်မှုအပေါ် စိန်ခေါ်မှု များ ဖြစ်ပေါ်ခဲ့ပါသည်။ ထို့ကြောင့် ဂျပန်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းဒေသအပြင် အခြားသော နိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့မှ ရေနံများ တိုးမြှင့်တင်သွင်းနိုင်ရေး ဆောင်ရွက်ခြင်း၊ စွမ်းအင် အရင်းအမြစ် ကြွယ်ဝသည့် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းနှင့် စွမ်းအင်အရင်း အမြစ် ကြွယ်ဝသည့် နိုင်ငံများတွင် ဂျပန်ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ခြင်းဖြင့်

ထောက်ပံ့ပို့ဆောင်မှုလုပ်ငန်းစဉ်ကို ဂျပန်နိုင်ငံမှ ထိန်းချုပ်ထားနိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

**ဂျပန်နိုင်ငံ၏ စွမ်းအင်သိုလှောင်ထားမှု အခြေအနေများ**

ဂျပန်နိုင်ငံတွင် အစိုးရနှင့်ပုဂ္ဂလိကမှ ဂျပန်နိုင်ငံ၏ သုံးစွဲမှုပမာဏ၏ ၂၅၆ ရက်စာနှင့် ညီမျှသည့် ရေနံစိမ်းနှင့် ရေနံဆီ စုစုပေါင်း ၇၄.၂ သန်းကီလိုလီတာကို သိုလှောင်ထားလျက် ရှိပါသည်။ ဂျပန်အစိုးရအနေဖြင့် ဂျပန်နိုင်ငံ၏ သုံးစွဲမှုပမာဏ၏ ၁၄၇ ရက်စာနှင့်ညီမျှသည့် ရေနံစိမ်း ၄၁.၉ သန်း ကီလိုလီတာနှင့် ရေနံဆီ ၁.၄ သန်းကီလိုလီတာကို သိုလှောင်ထားလျက် ရှိပါသည်။ ဂျပန်နိုင်ငံတွင် ရေနံစိမ်းနှင့်ရေနံဆီများကို မြေပေါ်သိုလှောင်ကန်၊ မြေအောက်သိုလှောင်ကန်နှင့် ရေပေါ်သိုလှောင်ကန်များတွင် သိုလှောင်ထားလျက် ရှိပါသည်။ ပုဂ္ဂလိကကဏ္ဍမှ နိုင်ငံတော်၏ အရန်လောင်စာဆီအဖြစ် သိုလှောင်ထားသည့် ရေနံစိမ်းနှင့် ရေနံဆီ ၂၆.၅ သန်းကီလိုလီတာ ရှိပြီး၊ အဆိုပါ ဂျပန်နိုင်ငံ၏ အရန်ရေနံစိမ်းနှင့် ရေနံဆီများကို အခိတပြည်နယ်၊ အိုဂမြို့အနီး၊ Funagawa ဆိပ်ကမ်းရှိ သိုလှောင်ကန်များတွင် အဓိကသိုလှောင်ထားရှိပါသည်။

ဂျပန်နိုင်ငံအနေဖြင့် သဘာဝဓာတ်ငွေ့ရည်(LNG) ကို အဓိက အားထားတင်သွင်းနေရသော နိုင်ငံဖြစ်သည့် အားလျော်စွာ ကမ္ဘာတွင် သဘာဝဓာတ်ငွေ့ရည် အများဆုံး သိုလှောင်ထားရှိသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။ ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံ့ရေနံဓာတ်ငွေ့ရည် သုံးစွဲမှု၏ ၁ လစာနှင့်ညီမျှသည့် တန်ချိန် ၉ သန်းကို နိုင်ငံတော်အရန်အဖြစ် သိုလှောင်ထားလျက် ရှိပါသည်။ ဂျပန်နိုင်ငံတွင် သဘာဝဓာတ်ငွေ့ရည်(LNG) အဓိကတင်သွင်းသူ ဖြစ်သည့် JERA (Japan’s Energy for a new eRA) ကုမ္ပဏီအနေဖြင့် သဘာဝဓာတ်ငွေ့ရည်(LNG) ကီလိုလီတာ ၆.၅၇ သန်း သိုလှောင်ထားရှိပါသည်။ ဂျပန်အစိုးရအနေဖြင့် ၂၀၂၆ ခုနှစ်မှစတင်၍ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ Strategic Buffer LNG (SBL) Program အောက်မှ နိုင်ငံ့အရေးပေါ်အခြေအနေတွင် သုံးစွဲနိုင်ရန် Emergency LNG Buffer Stocks အဖြစ် ၁ နှစ်လျှင် တန်ချိန် ၈၄၀,၀၀၀ ကို သိုလှောင်ထားရှိနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့